ဗြိတိသျှကောင်စီ စာမေးပွဲဌာနသို့ စာမေးပွဲကြေး ပေးသွင်းသည့်အခါ အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက် စေလိုပါတယ်။

ဗြိတိသျှကောင်စီက စာမေးပွဲကြေးလက်ခံမည့်ကာလကို ကျောင်းများ ဆရာ ဆရာမများကို email ပေးပို့သည့်အခါ ကောက်ခံမည့်နှုန်းထားနှင့် စာမေးပွဲကြေးများကို မြန်မာကျပ်ငွေဖြင့် ထည့်သွင်းကြေငြာပေးမှာ ဖြစ်ပါတယ်။

ကျောင်းများက ဖြေဆိုမည့်သူများစာရင်းနှင့် အချက်အလက်များကို email တွင်ဖော်ပြထားသော link တွင်ဖြည့်သွင်းပြီး ဗြိတိသျှကောင်စီသို့ ဖြည့်သွင်းပြီးကြောင်း email ပေးပို့အကြောင်းကြားပါ။

ဗြိတိသျှကောင်စီက စာမေးပွဲကြေးပေးသွင်းချိန်တွင် အသုံးပြုရမည့် ရည်ညွှန်းနံပါတ် (Reference code) ကို ပြန်လည် ပေးပို့ပါမည်။

စာမေးပွဲကြေးပေးသွင်းချိန်တွင် ရည်ညွှန်းနံပါတ် (Reference code) ကို တိကျစွာ ဖော်ပြပေးရန်အလွန် အရေးကြီးပါသည်။

စာမေးပွဲကြေးပေးသွင်းရာတွင် အဆင်ပြေလွယ်ကူမှုရှိစေရန် ဗြိတိသျှကောင်စီက AYA ဘဏ်နှင့်ချိတ်ဆက်၍ ဝန်ဆောင်မှု ရယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းများ ဆရာ ဆရာမများအနေဖြင့် စာမေးပွဲကြေးများကို AYA ဘဏ် ဝန်ဆောင်မှု များကို အသုံးပြု၍ ပေးသွင်းရမည် ဖြစ်ပါသည်။

စာမေးပွဲကြေးပေးသွင်းရာတွင် AYA ဘဏ်၏ အောက်ပါ ဝန်ဆောင်မှု များထဲမှ တစ်ခုခုကို အသုံးပြု၍ ဆောင်ရွက်နိုင်ပါသည်။

1. Internet Banking

2. Mobile Banking

3. OTC

AYA ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီးအမှတ်စဉ် ၁နှင့် ၂ နည်းလမ်းများ ဖြစ်သော Internet Banking နှင့် Mobile Banking ဝန်ဆောင်မှုများ ရယူဆောင်ရွက်နိုင်ပါသည်။ အဆိုပါ ဝန်ဆောင်မှုများကို အသုံးပြုလျှင် Bill Payment ကိုသာ ရွေးချယ် အသုံးပြုရန် ဖြစ်ပါသည်။

အမှတ်စဉ် ၃ နည်းလမ်းဖြစ်သော OTC (Over the Counter)  ကိုအသုံးပြုရန် မိမိနှင့် နီးစပ်သော AYA ဘဏ်များတွင် ငွေသားဖြင့် ပေးသွင်းနိုင်ပါသည်။

စာမေးပွဲကြေးပေးသွင်းရာတွင် အောက်ဖော်ပြပါ အချက် ၃ ချက်ကို မပျက်မကွက် ဖြည့်သွင်း ဖော်ပြရန် လိုအပ်ပါသည်။

၁။ ရည်ညွှန်းနံပါတ် (Reference code)

၂။ စာမေးပွဲကြေးပေးသွင်းသည့် ကျောင်းအမည် (ငွေပေးသွင်းသူ/ ငွေလွှဲသူ အမည် မဟုတ်ပါ)

၃။ ဆက်သွယ်ရမည့် တယ်လီဖုန်း အမှတ်

မရှင်းလင်းသည့် အချက်များရှိပါက ဗြိတိသျှကောင်စီသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။